# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၂၅ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန် အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ "မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန် အကောင်အထည်ဖော်ရေးကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | လူမှုရေးဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဦးစီးဌာနမှူး အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဋ) အတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူး
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

၂။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန် အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကဆေးရုံများ ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံအချက်အလက်များ သတ်မှတ်ရန်၊

(ခ) ပုဂ္ဂလိကဆေးရုံများဖွင့်လှစ်ရေးအတွက် Expression of Interest (EOI) စိတ်ဝင်စားမှု အဆိုပြုလွှာများ ကြော်ငြာခေါ်ယူရန်၊

(ဂ) တင်သွင်းလာသော လျှောက်လွှာများအား စိစစ်ရန်၊

(ဃ) လျှောက်လွှာလျှောက်ထားလာသူ တစ်ဦးချင်း (သို့မဟုတ်) ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့မှ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံစိစစ်ရန်၊

(င) စိစစ်ပြီးနောက် ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ တည်ထောင်ဖွင့်လှစ်ခွင့်ပြုပေးအပ်မည့် မြေနေရာနှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအစီရင်ခံရန်၊

(စ) ကော်မတီအနေဖြင့် လိုအပ်ပါက လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး